*J. Myanmar Acad. Arts Sci. 2022* **Vol. XX. No.2**

# ကျော်စွာထက်၏ "နှုတ်ခမ်းများ" မော်ဒန်ဝတ္ထုတိုဖန်တီးပုံ လေ့လာချက်*

**အေးစုငြိမ်း**[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ကျော်စွာထက်၏ "နှုတ်ခမ်းများ" မော်ဒန်ဝတ္ထုတိုဖန်တီးပုံကို လေ့လာတင်ပြထားသော စာတမ်း တစ်စောင် ဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် မော်ဒန်ဝတ္ထုတို၏ သဘောလက္ခဏာများနှင့် ချိန်ထိုးကာ ဝတ္ထုဖန်တီးမှု အတတ်ပညာကို ချဉ်းကပ်လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။ သမားရိုးကျ ဝတ္ထုတိုများတွင် ပါဝင်လေ့ရှိသော ဝတ္ထု အင်္ဂါရပ်များထက် အတွေးအမြင်ကို ဦးစားပေးဖော်ကျူး လေ့ရှိသည့် ခေတ်ပေါ်မော်ဒန်ဝတ္ထုတို ဖန်တီးမှုကို ရိပ်မိနိုင်ပါသည်။ ထို့ပြင် မော်ဒန်ဝတ္ထုတိုတစ်ပုဒ် ဖန်တီးရာတွင် လိုအပ်သော ဖန်တီးမှုသဘောတရားများကိုလည်း သိမြင်လေ့လာနိုင်မည်ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရ** - မော်ဒန်၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဖန်တီးမှု၊ အတတ်ပညာ။

## နိဒါန်း

ဤစာတမ်းတွင် ကျော်စွာထက်၏ မော်ဒန်ဝတ္ထုတိုတစ်ပုဒ်ဖြစ်သော "နှုတ်ခမ်းများ" ဝတ္ထုကို လေ့လာတင်ပြ ထားပါသည်။ ထိုသို့လေ့လာရာတွင် မော်ဒန်ဝတ္ထု၏ သဘောလက္ခဏာများနှင့် ချိန်ထိုးကာ လေ့လာတင်ပြ သွားမည်ဖြစ်ပါသည်။ ဝတ္ထုတိုဟုဆိုလိုက်သည်နှင့် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသ နောက်ခံနှင့် အတွေးအမြင်ခံစားမှုစသည့် ဝတ္ထုတိုအင်္ဂါရပ်များပါဝင်ပါသည်။ သို့သော် မော်ဒန်ဝတ္ထုတို များတွင် သမားရိုးကျ ဝတ္ထုတိုအင်္ဂါရပ်များနှင့် မတူကွဲပြားသော သဘောသဘာဝများရှိနေသည်ကို သတိပြုမိသည့်အတွက် ဤ စာတမ်းကို ပြုစုရခြင်းဖြစ်ပါသည်။

ကျော်စွာထက်၏ "နှုတ်ခမ်းများ" မော်ဒန်ဝတ္ထုတိုသည် အတွေးအမြင်တစ်ခုကို အခြေခံကာ ဖန်တီးထားသော ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။ သမားရိုးကျဝတ္ထုတိုများတွင်ပါလေ့ရှိသော ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံနှင့် ခံစားမှုအတွေးအမြင်များကိုပင် အခြေခံဖန်တီးထားသော်လည်း သမားရိုးကျ ဝတ္ထုတို များနှင့် ကွဲပြားနေသည်ကို တွေ့မြင်ရပါသည်။ ထို့ကြောင့် သမားရိုးကျဝတ္ထုတို ဖန်တီးပုံနှင့် မတူကွဲပြား နေသော ခေတ်ပေါ်ဖန်တီးမှုပုံစံကို သုတေသနပြုတင်ပြသွားမည်ဖြစ်ပါသည်။

## ၁။ စာပေလေ့လာဆန်းစစ်ချက်

စာပေလေ့လာဆန်းစစ်ချက်ဆိုရာတွင် ယခုလေ့လာတင်ပြထားသော ကျော်စွာထက်၏ "နှုတ်ခမ်းများ" မော်ဒန်ဝတ္ထုတိုနှင့် ပတ်သက်၍ လေ့လာသုတေသနပြုထားခြင်း မရှိသေးသောကြောင့် လေ့လာသုတေသန ပြုရခြင်းဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် မော်ဒန်ဝတ္ထုတိုများတွင် သမားရိုးကျ ဝတ္ထုတို ဖန်တီးမှု သဘော တရားများဖြစ်သည့် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ စသော အင်္ဂါရပ်များ ပါဝင်သော်လည်း အတွေးအမြင်ခံစားမှုနှင့် ဂယက်အနက်ဖြန့်ထွက်မှုတို့ကို ဦးစားပေး ဖော်ကျူးလေ့ရှိသည့်သဘောကို လေ့လာတင်ပြထားပါသည်။ သုတေသနပြုရန်အတွက် ဝတ္ထုတိုဖန်တီးမှု သဘောတရားစာအုပ်များ၊ မော်ဒန်သီဝရီဆိုင်ရာ စာအုပ်စာတမ်းများကို ဖတ်ရှုလေ့လာကိုးကား

---

[၁] ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ပဲခူးတက္ကသိုလ်။

* Best Paper Award Winning Paper in Myanmar (2021)

ထားပါသည်။ လေ့လာဖတ်ရှု ကိုးကားထားသော စာအုပ်စာတမ်းများကို စာတမ်း၏ နောက်ဆုံးတွင် ဖတ်ရှုလေ့လာထားသော စာအုပ်စာရင်း နှင့် ကျမ်းကိုးစာရင်း ဟူ၍ ခွဲခြားကာ တင်ပြထားပါသည်။

## ၂။ သုတေသနမေးခွန်းနှင့် ပြဿနာ

ဤစာတမ်းကို ပြုစုလေ့လာရာတွင်

- မော်ဒန်ဝတ္ထုတိုဟူသည် အဘယ်နည်း။
- မော်ဒန်ဝတ္ထုတို၏ လက္ခဏာရပ်များ၊ သဘောသဘာဝများသည် မည်သို့ရှိသနည်း။
- မော်ဒန်ဝတ္ထုတိုနှင့် သမားရိုးကျဝတ္ထုတို မည်သို့ကွဲပြားမှုရှိသနည်း။

စသည့် မေးခွန်းများကို အခြေတည်ကာ လေ့လာသုတေသနပြုခဲ့ခြင်းဖြစ်ပါသည်။ ထိုမေးခွန်းများနှင့် ဆက်စပ် ၍ မော်ဒန်ဝတ္ထုတိုသည် အတွေးအမြင်ခံစားမှုကို ဦးစားပေးဖန်တီးလေ့ရှိသဖြင့် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံသီးသန့်ရှိ/ မရှိ၊ လူ့လောကဖြစ်ရပ်နှင့်ကိုက်ညီမှုရှိ/မရှိ စသော ပြဿနာများ ပေါ်ထွက်လာပါသည်။ ထိုမေးခွန်းနှင့် ပြဿနာများကို အဖြေရှာရန်အတွက် ဤစာတမ်းကို သုတေသနပြုလေ့လာရခြင်း ဖြစ်ပါသည်။ ထိုမေးခွန်းများ၊ ပြဿနာများကို ဖြေရှင်းခြင်းဖြင့် မော်ဒန် ဝတ္ထုတိုတစ်ပုဒ်ဖန်တီးမှု သဘောကို ရိပ်မိသိရှိ နိုင်မည်ဖြစ်ပါသည်။

## ၃။ သုတေသနနည်းနာ

မော်ဒန်ဝတ္ထု၏ အဓိကလက္ခဏာရပ်တွင် ဇာတ်လမ်းမည်မည်ရရမပါဘဲ အတွေးအမြင်ခံစားမှု တစ်ခု၊ စိတ်အခြေ အနေတစ်ခုကို ဖော်ပြသည့်သဘောရှိကြောင်း ပါဝင်ရာ ယခုလေ့လာတင်ပြထားသော ကျော်စွာထက်၏ "နှုတ်ခမ်းများ" ဝတ္ထုတိုသည် ထိုသဘောနှင့် ကိုက်ညီမှုရှိနေသည်ကို တွေ့မြင်ရပါသည်။ ထိုသဘောကို ပေါ်လွင် လာအောင် မော်ဒန်ဝတ္ထုတိုသဘောသဘာဝနည်းနာများနှင့် အလေ့လာခံဝတ္ထုကို ချိန်ထိုးလေ့လာခြင်းဖြင့် ပြဿနာများကို ဖြေရှင်းရာရောက်မည်ဟု ယူဆမိပါသည်။ ထို့ကြောင့် ဤစာတမ်းတွင် မော်ဒန်ဝတ္ထုတို သဘောတရားနည်းနာများကို ဝတ္ထုတိုဆိုင်ရာ စာအုပ်စာတမ်းများ၊ မောဒန်ဝတ္ထုတိုဆိုင်ရာ စာအုပ်စာတမ်း များမှ ကိုးကား၍ ထုတ်နုတ်လေ့လာတင်ပြပါမည်။

ဝတ္ထုဟူသည် ရသစာပေတစ်မျိုးဖြစ်ပါသည်။ ရသစာပေကို ဖန်တီးရေးသားသူတို့သည် မိမိတို့၏ ဘဝအတွေ့အကြုံကို အခြေခံ၍ ခံစားမှုများဖြစ်ပေါ်လာပြီး မိမိတို့၏ စိတ်အတွင်းတွင် ဖြစ်ပေါ်လာသော ထိုခံစားမှုများမှတစ်ဆင့် ဘဝအသိအတွေးအမြင်များ ရလာတတ်ကြပါသည်။ ထိုအတွေးအမြင်ခံစားမှု များကို ဝေမျှလိုသော စေတနာရည်ရွယ်ချက်ဖြင့် ဝတ္ထုတိုများကို ဖန်တီးရေးသားလေ့ရှိကြသည့် သဘောရှိ ပါသည်။

ဝတ္ထုနှင့်ပတ်သက်၍ မောင်ထင်က ဝတ္ထုတိုစာတမ်းများ (၁၉၇၉) စာအုပ်တွင် -

> "ဝတ္ထုတိုအဖွဲ့ဟူသည် ယေဘုယျအားဖြင့် အကြောင်းအရာတစ်ခု၊ ဖြစ်ရပ်တစ်ခု၊ လုပ်ရပ် တစ်ခု၊ စိတ်ကူးတစ်ခု၊ ဆင်ခြင်ပုံတစ်ခု၊ အတွေးအခေါ်တစ်ခု စသည်ဖြင့် တစ်ခုသော အချက်ကို ဗဟိုမဏ္ဍိုင်ပြု၍ ဖွဲ့ဆိုထားသောအဖွဲ့ဖြစ်ပါသည်။ (မောင်ထင်၊ ၁၉၇၉၊ ၂၁၇)

ဟု ဖွင့်ဆိုပြထားပါသည်။ ထိုသဘောကိုကြည့်လျှင် ဝတ္ထုဖန်တီးသူတို့သည် တစ်စုံတစ်ခုသော အကြောင်းအရာ၊ အတွေးအမြင်တစ်ခုကို အခြေခံကာဖန်တီးသည့်သဘောဟု ယူဆနိုင်ပါသည်။

မော်ဒန်ဝတ္ထုတစ်ပုဒ်ဖန်တီးမှုသဘောကို ဂန္ထဝင်တစ်ဆယ် (၁၉၇၄) စာအုပ်တွင် မင်းကျော်က-

"အဖြစ်အပျက်များ ဖျတ်ခနဲ ဖျတ်ခနဲ ပြသွားပုံ၊ စာဖတ်သူအာရုံကို ဝတ္ထုတွင် စွဲနေအောင် ဖန်တီးပုံတို့မှာ မော်ဒန်ဝတ္ထုအတတ်ပညာ သဘောပင်ဖြစ်သည်" (ကျော်အောင်၊ ၁၉၇၄၊ ၁၁)

ဟု ဖွင့်ဆိုပြထားပါသည်။

မြန်မာဝတ္ထုတိုလမ်းကြောင်းတွင် ၁၉၇၀ နောက်ပိုင်းနှင့် ယနေ့အထိပေါ်ပေါက်လာသော ဝတ္ထုတို အချို့ကို ခေတ်ပေါ် တစ်နည်းအားဖြင့် မော်ဒန်ဝတ္ထုတိုများဟု သတ်မှတ်နိုင်ပါသည်။ ကမ္ဘာ့စာပေ တွင်မူ ၁၈၉၀ နောက်ပိုင်းမှ ၁၉၆၀ အထိကာလကို မော်ဒန်ခေတ်၊ ၁၉၆၀ နောက်ပိုင်းမှ ယနေ့အထိ ကာလကို ပို့စ်မော်ဒန်ခေတ် ဟုသတ်မှတ်ခဲ့ကြပါသည်။ (ဇော်ဇော်အောင်၊ ၂၀၀၆) မော်ဒန်ဝတ္ထုတိုများတွင် သမားရိုးကျဝတ္ထုတိုများနည်းတူ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ပါဝင်သကဲ့သို့ ရည်ရွယ်ချက်၊ ဦးတည်ချက်များ၊ အတွေးအမြင်များ၊ ခေတ်ပြိုင်ခံစားမှုများလည်း ပါဝင်ကြောင်း လေ့လာ သိရှိရပါသည်။

ဇော်ဇော်အောင်က သရဖူဆောင်းပါးများ (၂၀၀၆) စာအုပ်တွင် မော်ဒန်ဝတ္ထုတိုနှင့်ပတ်သက်၍ မော်ဒန်ဝတ္ထုတိုအကြောင်းပြောလျှင် အင်ပရက်ရှင် ပန်းချီဝါဒနှင့် ဆက်စပ်မှုရှိနေကြောင်း တင်ပြထား ပါသည်။

"မော်ဒန်သမားများသည် ဇာတ်လမ်း၏ အရေးပါမှုကို ပစ်ပယ်တတ်ကြသည်။ အင်ပရက်ရှင်သမားများက အလင်းအရောင်၊ အရိပ်တို့ရဲ့လှုပ်ရှားမှုကို အရအမိဖမ်း ရေးဆွဲကြသလို မော်ဒန်သမားများကလည်း ခံစားမှုအတွေ့အကြုံရဲ့ အခိုက်အတန့်၊ ဖြစ်တည်ဆဲ ခဏငယ်ကလေးတွေကို လွှန်စွာအရေးထား အရအမိဖမ်းကြတယ်" (ဇော်ဇော်အောင်၊ ၂၀၀၆၊ ၈၀)

ဟု မော်ဒန်ဝတ္ထုတိုဆရာများသည် အင်ပရက်ရှင်ဝါဒ၏ ဩဇာသက်ရောက်မှုရှိနေကြောင်း တင်ပြထား ပါသည်။ ထို့ပြင် -

"ယနေ့မြန်မာမော်ဒန်စာပေသည် ရည်ရွယ်ချက်မရှိ၊ ဦးတည်ချက်မရှိ၊ အရှူးချီးပန်း ပရမ်းပတာပုံပျက်ပန်းပျက် ဖြစ်ချင်တိုင်းဖြစ်နေသည်ဟူသော အဆိုသည် လုံးဝမှား သည်။ မော်ဒန်သမားများသည် ရေးချင်တာရေးကြသည် ဆိုသော စကားမှန်ပါသည်။ သူတို့မရေး ချင်တာကို ဘယ်သူကမှ ဘယ်သောအခါမှ၊ ဘယ်အကြောင်းနှင့်မှ အရေးခိုင်းလို့မရပါ (ဝါ) ရေးမည်မဟုတ်ပါ။ သူတို့ရေးချင်တာတွေသည် ရေးစေချင် တာတွေ ဟုတ်ချင်မှ ဟုတ်ပါမည်။ သို့သော် သူတို့ဘဝနှင့်၊ သူတို့အသိနှင့်၊ သူတို့ခံစားမှု နှင့်၊ သူတို့အတွေ့အကြုံ နှင့် သူတို့ထားသော တန်ဖိုးနှင့် သူတို့ ရည်မှန်းချက်၊ ဦးတည်ချက်နှင့် ရေးသည် ဆိုသော အချက်ကို သတိမူရပါမည်" (ဇော်ဇော်အောင်၊ ၂၀၀၄၊ ၁၈၇-၁၈၈)

ဟု မော်ဒန်စာပေသည် ဦးတည်ချက်၊ ရည်ရွယ်ချက်ရှိကြောင်း ဖွင့်ဆိုထားပါသည်။ ထိုအဆိုအမိန့်အရ ကြည့်လျှင် မော်ဒန်ဝတ္ထုတိုနှင့် သမားရိုးကျဝတ္ထုတို မည်သို့ကွာခြားသနည်း ဟူသော ပြဿနာ ပေါ်ပေါက် လာ စရာရှိပါသည်။ ထိုပြဿနာနှင့်ပတ်သက်၍ ဇော်ဇော်အောင်ဖတ်စာ (၂၀၀၄) စာအုပ်တွင် -

"သမားရိုးကျ သရုပ်မှန်များ နားလည်ကျင့်သုံးသော ပုံပန်း/ပုံသဏ္ဍာန်နှင့် မော်ဒန် သမားများ နားလည်လက်ခံကျင့်သုံးသော ပုံပန်း/ ပုံသဏ္ဍာန် မတူကြပါ။ သွင်ပြင် အားဖြင့် လည်းကောင်း၊ အနှစ်သာရအားဖြင့်လည်းကောင်း မတူကြပါ။ မော်ဒန် ဝတ္ထုတိုတစ်ပုဒ်ကို သမားရိုးကျ/ သရုပ်မှန်ပုံသဏ္ဍာန်သဘောတရားနှင့် ဆန်းစစ် လျှင် ပုံပျက်ပန်းပျက်ဖြစ်နေ လိမ့်မည်။ ထိုသို့ပုံဖျက်ခြင်းသည် မော်ဒန်စာပေ၏ အရေး ပါသော နည်းပညာတစ်ခု ဖြစ်ပါသည်" (ဇော်ဇော်အောင်။ ၂၀၀၄၊ ၁၈၇)

ဟု ဖွင့်ဆိုပြထားပါသည်။ ထိုအဆိုအမိန့်ကိုကြည့်လျှင် မော်ဒန်ဝတ္ထုတိုနှင့် သမားရိုးကျ ဝတ္ထုတို၏ ကွာခြားချက် ကို သတိပြုနိုင်မည်ဟု ထင်မြင်မိပါသည်။

"မော်ဒန်ဝတ္ထုသည် သည်လိုရေးရသည်ဟူသော ရေးနည်းဖော်မြူလာ ပုံစံခွက်ကို ပေးအပ်ခြင်း သည် မှားသည်ဟု ကျွန်တော်ယူဆပါသည်။ အနုပညာမှာ အပေါ်က ပုံစံချပေးခြင်းမရှိသင့်ပါ" (ဇော်ဇော်အောင်၊ ၂၀၀၄၊ ၂၀၄)

ဟူ၍လည်းကောင်း၊

"အရင်ကအရေးအသားတွေနဲ့ မော်ဒန်အရေးအသားတွေအကြားမှာ သိသိသာသာ ကွာ လာတာက မြင်ပုံမြင်နည်းနဲ့ ကိုယ်မြင်တာကို ကိုယ်နားလည်သလို ပြန်ပြီး ဖော်ထုတ်ပြ လိုက်ပုံပဲ။ ဥပမာ ဝတ္ထုတစ်ပုဒ်မှာ အရင်ကလို ရေးသားထားတဲ့ စာဆုံးသွားလို့ ပြီးသွားပြီ လို့ ပြောလို့ရဖို့ မလွယ်တော့ဘူး။ ဘယ်အနုပညာလက်ရာ (စာပေ၊ ပန်းချီ၊ ပန်းပု၊ တေးဂီတ...စတဲ့) ပဲဖြစ်ဖြစ်၊ ယေဘုယျစံတွေနဲ့တည်ဆောက်ထားတာ မဟုတ်ပါဘူး၊ ဖန်တီးသူ/ တည်ဆောက်သူက သူ့စံနဲ့၊ သူ့ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာ ချည်းပါပဲ" (မြင့်သန်း၊ ၂၀၁၄၊ ၆၈)

ဟုလည်းကောင်း ဖွင့်ဆိုထားကြရာ မော်ဒန်ဝတ္ထုတိုကို ပုံသေကားချရေးသားဖန်တီးလေ့မရှိဘဲ စာရေးသူ အနုပညာရှင်၏ စိတ်ကူးဖြင့်သာ ဖန်တီးနိုင်သည့် သဘောဟု ယူဆနိုင်ပါသည်။ တစ်နည်းအားဖြင့် ဝတ္ထု ဖန်တီးသူတို့သည် မိမိရလိုက်သော၊ မိမိတွင်ဖြစ်ပေါ်သွားသော ခံစားမှုအတွေ့အကြုံများကို ရခိုက်၊ ဖြစ်ခိုက် အမိဖမ်း၍ ဖန်တီးလေ့ရှိတတ်ပါသည်။ မော်ဒန်ဝတ္ထုတိုများတွင် ဝတ္ထုတွင်းမှ လောကနှင့် ပြင်ပ လောက မတူအောင်ရေးလေ့ရှိသည့်သဘောကို ဇော်ဇော်အောင်ဖတ်စာ (၂၀၀၄) တွင် -

"၁။ သရုပ်မှန်သမားများက တူအောင်ရေးသည်။

၂၊ မော်ဒန်များက တူအောင်မရေးကြ။" (ဇော်ဇော်အောင်၊ ၂၀၀၄၊ ၂၉၂) ဟု တင်ပြထားပါသည်။

မော်ဒန်ဝတ္ထုများတွင် စာရေးသူက ဖန်တီးလိုက်သည့်အချက်ကို စာဖတ်သူက သူ၏ ဉာဏ်အမြင် ဖြင့်သာ နားလည်နိုင်သည့်သဘောကို မြင့်သန်းက ပိုစ့်မော်ဒန်နှင့် စပ်လျဉ်းသော အရေးအသားများ (၂၀၁၄) စာအုပ်တွင် -

"မော်ဒန်စာပေ၏ ဖန်တီးတည်ဆောက်မှုဟာ ယေဘုယျကျကျ ဝေမျှခံစားဖို့ ဖန်တီးတာ မဟုတ်တော့ဘူး၊ သူ့ရဲ့ သိမှတ်ခံစားနိုင်မှုဘောင်အထဲက ပေါ်ထွက်လာတဲ့ သူ့ရဲ့ ဖန်တီးမှုပဲ၊ သူ့အရေးအသားနဲ့ ဖန်တီးထားတာကို နားလည်ဖို့၊ ဖတ်တဲ့သူက သူ့အမြင် မျိုး၊ သိမှတ်မှုမျိုး ပျိုးထောင်ကြည့်ဖို့လိုလာတယ်။ စာဖတ်သူ က အားထုတ်ရမယ့်အပိုင်း

ပါလာတယ်။ အရင်ကလို စာလုံးတိုင်း၊ စာလုံးတိုင်းကို စာဖတ်သူက အလိုလျှောက် နားလည်မှုမဟုတ်တော့ဘူး" (မြင့်သန်း၊ ၂၀၁၄၊ ၆၁)

က ဆိုထားပါသည်။ မင်းခက်ရဲ ကလည်း သူတို့ဘယ်လိုအသစ်ဖန်တီးသလဲ (၂၀၁၄) စာအုပ်တွင် -

"သရုပ်မှန်ဝတ္ထုဟာ အရှိတရားတစ်ခုကို သူတို့ဟာရှင်းလင်းပြတ်သားစွာနဲ့ နားလည် ထား ပြီးသားဖြစ်ပါတယ်ဆိုတဲ့ အသိနဲ့အလုပ်လုပ်တာ၊ လောကကြီးထဲက အမှန်တရား၊ ကိုယ်ကျင့်တရား၊ အစစ်အမှန်တွေကို လွယ်လွယ်ကူကူ ရှာဖွေဖမ်းဆုပ် ပြနိုင်တယ်။ မော်ဒန်မှာတော့ သူတို့ဟာသူတို့ရဲ့ တွေ့ကြုံခံစားမှုကိုဖော်ပြနိုင်ဖို့ သူတို့ရဲ့ ဝတ္ထု အဆောက်အအုံကို သရုပ်မှန်လို အစီအစဉ်ကျကျနနမဟုတ်ဘဲ ရှေ့နောက် အစီအစဉ် မကျမှုတွေနဲ့ ရေးသားလာခဲ့တယ်။ ဇာတ်လမ်းအဆောက်အအုံဟာ သရုပ်မှန်တွေလောက် မရိုးရှင်းတာအမှန်ပဲ၊ စာဖတ်သူက အတိုင်းအတာတစ်ခုအထိ အားထုတ်ရတယ်" (မင်းခက်ရဲ၊ ၂၀၁၄၊ ၁၉)

ဟု မော်ဒန်ဝတ္ထုနှင့် သမားရိုးကျ သရုပ်မှန်ဝတ္ထု၏ ဇာတ်လမ်းဖန်တီးမှုကွာခြားပုံနှင့် စာဖတ်သူက ခံစားပုံတို့ကို တင်ပြထားပါသည်။

သစ္စာနီက မော်ဒန်ရှင်းတမ်းနှင့် မြန်မာကဗျာဖြစ်ပေါ်တိုးတက်မှု (၂၀၀၈) စာအုပ်တွင် -

"မော်ဒန်စာပေဆိုတာ အာရုံခံစားပုံအသစ်၊ တင်ပြပုံအသစ်၊ အရေးအသားအသစ်၊ အတွေးအခေါ်အသစ်၊ ရှုထောင့်အသစ်တွေ စုစည်းပါဝင်နေတဲ့ ဂုဏ်ရည်သစ်စာပေ ဖြစ်ပါတယ်" (သစ္စာနီ၊ ၂၀၀၈၊ ၃၈)

ဟု မော်ဒန်စာပေ၏ ဂုဏ်ရည်ကို တင်ပြဖွင့်ဆိုထားပါသည်။

အချုပ်ဆိုရလျှင် မော်ဒန်ဝတ္ထုတိုများသည် သမားရိုးကျဝတ္ထုတိုဖန်တီးပုံများနှင့် ကွဲပြားမှုရှိနေပြီး စာရေးသူ၏ အတွေးအမြင်ခံစားမှုကိုသာ ဦးစားပေးလေ့ရှိကြောင်း၊ အတွေးအသစ်၊ ရှုထောင့်အသစ်များဖြင့် ဖန်တီးတင်ပြလေ့ရှိကြောင်း၊ အဖြစ်အပျက်၊ အတွေ့အကြုံ၊ ခံစားမှုတစ်ခုကို စည်းဘောင်ကန့်သတ်ခြင်းမရှိဘဲ ပုံသေသတ်မှတ်ထားခြင်းမရှိဘဲ လွတ်လပ်စွာ ဖန်တီးရေးသားလေ့ရှိကြောင်း၊ ဝတ္ထုတစ်ပုဒ်၏ ဦးတည်ချက် အတွေးအမြင်ခံစားမှုများကို စာဖတ်သူ၏ နားလည်နိုင်မှုစွမ်းရည်အရသာ လိုက်ပါခံစားနိုင်ကြောင်း စသည့်ဖြင့် သုံးသပ်နိုင်ပါသည်။

မော်ဒန်အနုပညာနှင့်ပတ်သက်၍ အနက်ဖွင့်ဆိုမှုများသည် ယနေ့တိုင်ပြီးဆုံးမှုမရှိသေးသဖြင့် အတိ အကျဝေဖန်အကဲဖြတ်ရန် ခက်ခဲနေဆဲဖြစ်ကြောင်း လေ့လာသူတို့က ဆိုခဲ့ကြသည့်အတိုင်းပင် ယခု လေ့လာ ထုတ်နုတ် တင်ပြထားခြင်းသည်လည်း ပြည့်စုံလုံလောက်သော အဓိပ္ပာယ်ဖွင့်ဆိုချက်များဟု သတ်မှတ်၍မရနိုင်ပေ။ သို့သော် မော်ဒန်ဝတ္ထုဖန်တီးပုံနှင့် ပတ်သက်၍မူ အနည်းငယ်မျှ တီးမိခေါက်မိ စေမည်ဟု ယုံကြည်မိ ပါသည်။

## ၄။ စိစစ်လေ့လာချက်

ကျော်စွာထက်၏ "နွတ်ခမ်းများ" ဝတ္ထုတိုကို အလေ့လာခံအဖြစ်ထားကာ မော်ဒန်ဝတ္ထုဖန်တီးပုံကို လေ့လာ တင်ပြထားပါသည်။ "နွတ်ခမ်းများ" ဝတ္ထုတိုသည် ၂၀၁၆ခုနှစ်တွင် ငါတို့စာပေမှ ထုတ်ဝေသော "ကျော်စွာထက်၏ ဝတ္ထုတိုများ ၁+၂+၃" စာအုပ်တွင် ပါဝင်သော ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။ ထိုဝတ္ထုတွင်

"ကျွန်တော်"ဟူသော ဇာတ်ကောင်၏ အပြောဖြင့် ဖန်တီးထားပါသည်။ ဇာတ်ဆောင်ကျွန်တော်သည် အိပ်မက်ထဲတွင် နှုတ်ခမ်းများကို နေရာအနှံ့တွေ့ရကြောင်း၊ အိပ်မက်မှ လန့်နိုးလာသောအခါတွင်လည်း သူ၏ ပတ်ဝန်းကျင်တွင် မြင်မြင်သမျှအရာတို့သည် နှုတ်ခမ်းများဖြစ်နေကြောင်း၊ လက်ဖက်ရည်ဆိုင်သို့သွားရာ လမ်းတစ်လျှောက်တွင်လည်း နှုတ်ခမ်းများကိုတွေ့ရကြောင်း၊ လက်ဖက်ရည်ဆိုင်တွင်လည်း နှုတ်ခမ်းများကို သောက်သုံးမိကြောင်းကို ကိုယ်တိုင်ပြောရှုထောင့်မှ တင်ပြထားပါသည်။ သွားလေရာရာနေရာတိုင်းတွင် နှုတ်ခမ်းများကိုသာ တွေ့ရသည့်အဖြစ်သည် တကယ့်ပြင်ပလောကနှင့် ကင်းကွာနေပြီး စိတ်ကူးဆန်းသစ်စွာ ဖန်တီးထားသည်ဟု ထင်မြင်မိပါသည်။

နှုတ်ခမ်းများနှင့် ဆက်စပ်နေသည့် လူတို့ပြောသောစကားများ တစ်နည်းအားဖြင့် လူတို့၏ စကားများသော၊ အတင်းပြောတတ်သော ဓလေ့စရိုက်သဘာဝများနှင့် သင်္ကေတပြု တင်စားကာ ဖန်တီးထားသည်ဟု ဆိုနိုင်ပါသည်။ လူ့လောကပတ်ဝန်းကျင်သည် နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ လူအများနှင့် ကင်းကွာ၍ မရနိုင်ကြောင်း ဦးတည်ချက်ဖြင့် ဖန်တီးခဲ့သည်ဟု ယူဆမိပါသည်။ သမားရိုးကျဝတ္ထု ဖန်တီးပုံနှင့်ကွဲပြားစွာ တင်စားမှုများ၊ သင်္ကေတပြုမှုများဖြင့် လောကတွင် မဖြစ်နိုင်သည့် ယုတ္တိမရှိသော အဖြစ်အပျက်မျိုးကို စိတ်ကူးဆန်းသစ်စွာ ဖန်တီးရေးဖွဲ့ထားသည့် မော်ဒန်ဝတ္ထုတိုတစ်ပုဒ်ဟု သုံးသပ်နိုင်ပါသည်။

သို့ဖြစ်ရာ ဝတ္ထုတစ်ပုဒ်လေ့လာရာတွင် အဓိကကျသည့် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံဟူ၍ ခွဲခြားလေ့လာခြင်းမပြုဘဲ မော်ဒန်ဝတ္ထုတို၏ လက္ခဏာများဖြစ်သည့် ဇာတ်လမ်း၊ ဇာတ်ကွက်ကို ပစ်ပယ်/လျှော့ချခြင်း၊ သိမှု၊ ရှိမှုဆိုင်ရာပြဿနာများကို ဖော်ကျူးခြင်း၊ ဗဟိုချက်မဲ့ခြင်း၊ စာဖတ်သူ ကိုယ်တိုင် ပါဝင်လာခြင်း၊ စာသားနှင့်အနက်ဖြန့်ထွက်ခြင်း ဟူ၍ ခွဲခြားကာ အလေ့လာခံဝတ္ထုနှင့် ချိန်ထိုး လေ့လာ သွားမည်ဖြစ်ပါသည်။ ထိုသို့ခွဲခြားထားခြင်းသည် စာတမ်းရှင်၏ လေ့လာမှုအရတွေးဆချက် အမြင်သာ ဖြစ်ပြီး အလေ့လာခံဝတ္ထုနှင့် ကိုက်ညီသော အချက်များကိုသာ ရွေးချယ်တင်ပြထားခြင်းဖြစ်ရာ မော်ဒန်ဝတ္ထုတိုများ အတွက် တိကျသောလက္ခဏာရပ်များဟု မဆိုနိုင်ပေ။ ထပ်မံလေ့လာသုတေသနပြုရန် လိုအပ်ပါသေးသည်။

## ၄၊၁။ ဇာတ်လမ်း၊ ဇာတ်ကွက်ကို ပစ်ပယ်/လျှော့ချခြင်း

မော်ဒန်ဝတ္ထုတို၏ အရေးကြီးဆုံးလက္ခဏာတစ်ရပ်မှာ ဇာတ်လမ်း၊ ဇာတ်ကွက်ကို ပစ်ပယ်ခြင်းဖြစ်ပါသည်။ ဇာတ်လမ်း၊ ဇာတ်ကွက်ဆိုသည်မှာ အဖြစ်အပျက် အစီအစဉ်ဖြစ်သည်။ မော်ဒန်ဝတ္ထုမှ ဇာတ်လမ်းဖန်တီးမှုနှင့် ပတ်သက်၍-

> "မော်ဒန်ဝတ္ထုတိုများတွင် အဓိကလက္ခဏာအဖြစ်ပြောနိုင်တာက ဇာတ်လမ်းမည်မည် ရရ မပါခြင်းနှင့် ခံစားမှုနဲ့ စိတ်အခြေအနေ တစ်ခုခုကိုသာ ဖော်ပြတဲ့ ဝတ္ထုတိုများ ဖြစ်ပါတယ်"
> (ဇော်ဇော်အောင်၊ ၂၀၀၆၊ ၈၃)

ဟု ဆိုထားပါသည်။ မော်ဒန်ဝတ္ထုတိုများတွင် ဇာတ်လမ်း ဇာတ်ကွက်ကို လုံးဝပစ်ပယ်သည် မဟုတ်သော်လည်း ဇာတ်လမ်းဇာတ်ကွက်၏ အရေးပါမှုကို လျှော့ချပစ်သည့် လက္ခဏာရှိပါသည်။ အချို့ဝတ္ထုတိုများတွင် အဖြစ်အပျက်ကို ပြောပြရုံ၊ ပါသည်ဆိုရုံမျှ ပါတတ်သော်လည်း ဇာတ်လမ်းဇာတ်ကွက်ကို အဓိကသိပ်မထား၊ အလေးမထားတတ်ကြပေ။ အကြောင်းအရာတစ်ခု၊ အတွေ့အကြုံတစ်ခုကို

ကြုံတွေ့လိုက်ရသည်နှင့် စာရေးသူ ၏ ခံစားမှု၊ စိတ်လှုပ်ရှားမှု ၊ စာရေးသူ၏ အတွေးအမြင် ထင်မြင်ချက် စသည်တို့ကိုသာ အရေးပေးတတ်ကြပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် အကြောင်းအရာတစ်ခု၊ မြင်ကွင်းတစ်ခု၊ ခံစားမှုတစ်ခု စသည်တို့ကို မူတည်၍ စာရေးသူ၏ စိတ်တွင် ဖြစ်ပျက်သမျှ ခံစားမှု၊ စိတ်လှုပ်ရှားမှု၊ အတွေးအမြင် ထင်မြင်ချက်များကို အသေးစိတ်ခြယ်မှုန်းသော စာမျိုးဟုယူဆနိုင်ပါသည်။ ယခုလေ့လာတင်ပြထားသော ကျော်စွာထက်၏ "နှုတ်ခမ်းများ" ဝတ္ထုတိုတွင် ထိုသဘောကို တွေ့နိုင်ပါသည်။

ဇာတ်လမ်း၊ ဇာတ်ကွက်ဆိုရာတွင် ဇာတ်ဆောင်၏ အခန်းကဏ္ဍလည်းပါဝင်လာသည်။ သို့သော် ယခုလေ့လာတင်ပြထားသော ဝတ္ထုတွင် ဇာတ်ဆောင်အနေဖြင့် ထူးခြားသော စရိုက်လက္ခဏာမရှိပေ၊ ရိုးရိုး သာမန်ယောက်ျားတစ်ယောက်အဖြစ်သာ ဖန်တီးထားသည်ကိုတွေ့ရသည်။ ဇာတ်လမ်း၊ ဇာတ်ကွက် အနေဖြင့် လည်း ထူးထူးခြားခြားမရှိပေ။ ဇာတ်ဆောင် 'ကျွန်တော်' ၏ ပြုမူလှုပ်ရှားတွေ့မြင်ရပုံများကို ပြောပြသည့် ပုံစံဖြင့် ရေးသားထားပါသည်။

ဇာတ်ဆောင် ကျွန်တော်က အိပ်မက်ထဲတွင် နှုတ်ခမ်းများကို မြင်ရသည့်အကြောင်းဖြင့် ဇာတ်လမ်းကို စတင်ရေးသားထားပါသည်။ နှုတ်ခမ်းများကို အိပ်မက်ထဲတွင် တွေ့လာရပြီး အိပ်ရာမှ နိုးသောအခါတွင်လည်း နှုတ်ခမ်းများကိုသာ တွေ့ရပုံ၊ မျက်နှာသစ်ပြီး လက်ဖက်ရည်ဆိုင်သို့ သွားရာ လမ်းတစ်လျှောက်တွင်လည်း နှုတ်ခမ်းများကိုသာ တွေ့ရပုံ၊ လမ်းတွင် မျက်စိ၊ နှာခေါင်း၊ ပါးစပ်မပါသော ပြောင်ချောမျက်နှာနှင့် လူတစ်ယောက်က သူ့ကို "အသားမည်းလွန်းတဲ့ ခွေးကောင်" ဟုဆဲသောအခါ သူက အံ့ဩကာရယ်လိုက်မိပုံ၊ ရယ်လိုက်သောအခါ သူ့နှုတ်ခမ်းသည် မျက်နှာမှကွာကျလျက် ကောင်းကင်သို့ ပျံတက်သွားပုံတို့ကို သရုပ်ဖော် တင်ပြထားသည်။ ဆက်လက်၍ လမ်းလျှောက်သွားရင်း လမ်းတွင်လည်း နှုတ်ခမ်းများကိုသာတွေ့ရပုံ၊ လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ အခြား လက်ဖက်ရည် သောက်သူတစ်ယောက်က သူ့လက်ဖက်ရည်ထဲတွင် နှုတ်ခမ်းများပါသဖြင့် ဆိုင်ရှင်ကို အော်ပြောလိုက်ပုံ၊ သူကလည်း လက်ဖက်ရည်ကို မော့သောက် လိုက်ပြီးဖြစ်သဖြင့် အော်ဂလီဆန်ကာ အန်ချလိုက်ပုံ၊ လည်ချောင်းတစ်လျှောက်မျှော့တွေ ပြန်တက်လာသလို ဖြစ်ပုံတို့ကိုဖော်ပြကာ ဇာတ်သိမ်းထားပါသည်။

ဇာတ်ဆောင် ကျွန်တော်၏ တွေ့ကြုံရသောအဖြစ်အပျက်များကို မူတည်၍ ခံစားရသော ခံစားမှုများကို တင်ပြခြင်းသဘောသာဖြစ်ပြီး ထူးခြားသော ဇာတ်လမ်းဇာတ်ကွက်ဟူ၍ မပါရှိပေ၊ နှုတ်ခမ်းများကို နေရာအနှံ့ တွေ့ရသည့်အဖြစ်ကို အသေးစိတ်သရုပ်ဖော်တင်ပြထားသည်ကိုတွေ့ရပြီး နှုတ်ခမ်းများကို တွေ့မြင်ရသည့် ဇာတ်ဆောင် ကျွန်တော် နှင့်အတူ လိုက်ပါခံစားမိစေရန် ဖန်တီးထားသည့် သဘောမျိုးသာ တွေ့ရပါသည်။ သို့ဖြစ်ရာ အလေ့လာခံအဖြစ် တင်ပြထားသော နှုတ်ခမ်းများဝတ္ထုတိုသည် မော်ဒန်ဝတ္ထုတို၏ လက္ခဏာ တစ်ရပ်ဖြစ်သော ဇာတ်လမ်း ဇာတ်ကွက်များကို လျှော့ချပစ်ပယ်လာတတ်သော သဘောနှင့် ကိုက်ညီမှုရှိ နေသည့် ဇာတ်လမ်းဖန်တီးမှု ဟု ယူဆနိုင်ပါသည်။

## ၄၊၂။ သိမှု၊ ရှိမှုဆိုင်ရာ ပြဿနာများကို ဖော်ကျူးခြင်း

သိမှု၊ ရှိမှုဆိုင်ရာပြဿနာများကိုဖော်ကျူးခြင်းသည် မော်ဒန်အနုပညာ၏ အဓိကအမြင်တစ်ခု ဖြစ်သည်။ တစ်နည်းပြောရလျှင် မော်ဒန်၏ အဓိကလောကအမြင်သည် 'သိမှု' ပေါ်တွင် အခြေခံပါသည်။

ဥပမာ ဆိုရလျှင် ယခုရှိနေသော လောကက ဘယ်လိုလောကမျိုးလဲ၊ ဒီလောကက ဘာတွေဖြစ်နေလဲ၊ ဒီလောကထဲမှာ ကျင်လည်နေသော ငါကဘယ်သူလဲ စသဖြင့် သိချင်စိတ်မှဖြစ်တည်လာသည့် မေးခွန်းများကို အခြေခံပါသည်။ ထိုသိမှုဆိုင်ရာ မေးခွန်းများမှတစ်ဆင့် တကယ့်အရှိတရား၊ အမှန်တရားသည် မည်သည့်အရာဖြစ်သနည်း ဟူသော တွေးဆချက်များဝင်ရောက်လာကြသည်။ ထိုအခါ လောကတွင် အမှန်တရားပေါင်းများစွာ တည်ရှိနေကြသော်လည်း ဘယ်အရာသည် အစစ်အမှန်တည်ရှိနေမှန်း မသေချာ မရေရာသည် သဘောမျိုးမြင်လာတတ်ကြသည်။ ထိုအမြင်ကို အကြောင်းပြု၍ မည်သည့်အရာကိုမှ တိတိကျကျ ခွဲခြားမရနိုင်တော့ဘဲ မသေချာဝေဝါးခြင်း ပြဿနာသည် ဝင်ရောက်လာတတ်သည်။

> "မော်ဒန်လောကတွင် မရေမရာခြင်း၊ ဆုန်းဆုန်းဖြတ်ဖြတ် မဆုံးဖြတ်နိုင်ခြင်းသည် အဓိကအတွေးအခေါ်များပင်ဖြစ်သည်ဟု မှတ်ယူသင့်သည်" (ဇော်ဇော်အောင်၊ ၂၀၀၄၊ ၂၅၉)

ဟု ဇော်ဇော်အောင်ဖတ်စာ (၂၀၀၄) တွင် ဖွင့်ဆိုပြထားပြီး မော်ဒန်ဝတ္ထုတိုသဘောတရား၏ အခြေခံတွင် လူ၏ ဖြစ်တည်မှုပျောက်ဆုံးခြင်းများ ဖြစ်ကာ ရှိမှုမသေချာခြင်း၊ အစစ်အမှန်များပျောက်ဆုံးခြင်း၊ ဝေဝါးထွေပြား မသေမချာဖြစ်ခြင်း၊ အဓိပ္ပာယ် အမျိုးအမည် ဖွင့်ဆို၍ မရခြင်းသဘောများ ရှိတတ်ကြောင်း တင်ပြထားပါသည်။ တစ်နည်းအားဖြင့် ယုတ္တိနှင့်ကင်းကွာသည့်သဘောမျိုးဟု ယူဆနိုင်ပါသည်။

ယခုလေ့လာတင်ပြထားသော "နှုတ်ခမ်းများ" ဝတ္ထုတွင် ထိုသဘောများကို တွေ့မြင်နိုင်ပါသည်။ ပြင်ပလောကတွင် နှုတ်ခမ်းများကို သီးသန့်တွေ့ရနိုင်သည်ဟူသော ဖြစ်ရပ်သည် မဖြစ်နိုင်သော၊ ယုတ္တိမရှိသော ဖြစ်ရပ်ဟုသိနိုင်ပါသည်။ သို့သော် ဝတ္ထုဖန်တီးသူက နှုတ်ခမ်းများကို နေရာအနှံ့တွင် တွေ့ရသည်ကို ဖန်တီး ထားသောအခါ သူလည်းမထင်မြင်မိကြောင်း၊ ထူးဆန်းသောအဖြစ်ကို လက်ခံလိုက်ရကြောင်း ထည့်သွင်း ရေးသားထားသောအခါ တကယ်ဖြစ်နိုင်ခြင်း၊ မဖြစ်နိုင်ခြင်းသဘောများကို စဉ်းစားမနေဘဲ ဇာတ်ဆောင် နှင့်အတူ လိုက်ပါခံစားလိုက်ရသည့်သဘောရှိသည်။

> "ဒါဟာ ငါ့အမြင်မှောက်မှားနေတာဖြစ်နိုင်တယ်၊ ကျွန်တော်ကိုယ်ကျွန်တော် ဖြေဖျောက်ကြည့်ပါသေးတယ်၊ ဒါတွေဟာ နှုတ်ခမ်းတွေမဟုတ်ဘဲ ခါတိုင်းမြင်တွေ့ နေကျ အရာဝတ္ထု တစ်ခုခု ပိုမဖြစ်နိုင်ဘူးလား၊ ဥပမာ ငှက်တွေလေ၊ စာကလေး တွေပေါ့၊ ဒါပေမယ့် ကျွန်တော်ကိုယ်ကျွန်တော် လိမ်ညာကြည့်၍ မရ၊ နှုတ်ခမ်း တစ်ခုက ကျွန်တော့် မျက်စိရှေ့မှ တရွေ့ရွေ့ပျံ့ဝဲဖြတ်သန်းသွားတာ ကျွန်တော်သေသေချာချာမြင် ခွင့်ရလိုက်တယ်။ နောက်ဆုံးအကြိမ် မျက်လုံးစမ်းသပ်စဉ်က မျက်စိအထူးကုဆရာဝန်က ကျွန်တော့် မျက်လုံးတွေကို မှန်နေပြီဟု မပြောလိုက်၊ သေချာပြီ၊ ဒါဟာ နှုတ်ခမ်းတွေပါပဲ" (စာ-၅၉)
>
> "လက်ဖက်ရည်ကျ ပျစ်ချွဲချွဲ၊ တစ်ကျိုက်မျိုချလိုက်လျှင် မြွေတစ်ကောင် လည်ချောင်းထဲ လျှောကျသွားသလို ခံစားရသည်၊ ကျွန်တော့်ရင်ထဲမှာ အော်ဂလီဆန်ပြီး ပျို့တက်လာသည်။ လက်ဖက်ရည်တစ်ခွက်လုံး ကျွန်တော်သောက်ပြီးခဲ့ပြီ၊ ကျွန်တော်အန်ချလိုက်သည်။ လည်ချောင်းတစ်လျှောက် မြွေတွေ တလှုပ်လှုပ် ပြန်တက်လာသလို .." (စာ - ၆၁)

စသဖြင့် ဇာတ်ဆောင်ကျွန်တော်၏ နှုတ်ခမ်းတွေကိုမြင်လိုက်ရစဉ် ဝေဝါးထွေပြားနေသော၊ တကယ့် အဖြစ်မှန်ကို ရှာဖွေကြည့်နေသော၊ တိတိကျကျမသိနိုင်သည့် အခြေအနေတစ်စုံတစ်ရာကို အဖြေရှာ

နေမိသော၊ နှုတ်ခမ်းများကိုတွေ့ရသည့်အဖြစ်သည် မဟုတ်နိုင်သောဖြစ်ရပ်ဖြစ်သော်လည်း တကယ်ဖြစ်နေမြင်နေရ သယောင် ခံစားတွေ့မြင်မိနေသော ဖြစ်ရပ်ကို ဖော်ကျူးထားပါသည်။ သိမှုနှင့် ရှိမှု၏ကြားတွင်ကွာဟနေသော ပြဿနာတစ်ရပ်ကို စိတ်အတွေးစဉ်အရ အဖြေထုတ်ကြည့်ထားသည့် သဘောဖြင့် ဖန်တီးထားပါသည်။ စာဖတ်သူအနေ ဖြင့်လည်း ဇာတ်ဆောင်နှင့်အတူ လိုက်ပါခံစားကာ နှုတ်ခမ်းများကိုမြင်ရခြင်းသည် မဖြစ်နိုင်ကြောင်း 'သိမှု'နှင့် နှုတ်ခမ်းများကို မြင်နေရသော 'ရှိမှု'တို့၏ကြားမှ ပြဿနာကို လိုက်ပါဆန်းစစ်နိုင်အောင် ဖော်ကျူးတင်ပြထားသည်မှာ မော်ဒန်လက္ခဏာ တစ်ရပ်နှင့် ကိုက်ညီမှုရှိနေသည်ကို တွေ့မြင်ရပါသည်။

### ၄၊၃။ ဗဟိုချက်မဲ့ခြင်း

ဗဟိုဆိုသည်မှာ အချက်အခြာ၊ အဓိကကျသောနေရာ ဟုဖွင့်ဆိုနိုင်ပါသည်။ ဇော်ဇော်အောင် ဖတ်စာ(၂၀၀၄)တွင်

> "အရေးအကြီးဆုံး၊ အဓိကအကျဆုံး၊ အခြားသောအကြောင်းခြင်းရာတို့ကို တစ်နေရာ တည်းမှ စုစည်းချုပ်ကိုင်ထားခြင်း၊ အရေးအကြီးဆုံးသောပွိုင့်၊ အဆုံးအဖြတ်ပေးမည့် နေရာ/အကြောင်း၊ အမြင့်ဆုံးနေရာ/ အကြောင်း၊ အထွတ်အထိပ် စသည့် အဓိပ္ပာယ် အနက်သဘောရှိသည်။ ယင်းတို့ကို ဗဟိုချက်ဟု ချုပ်၍ ခေါ်နိုင်သည်" (ဇော်ဇော်အောင်၊ ၂၀၀၄၊ ၃၆၅)

ဟု ဖွင့်ဆိုပြထားပြီး ဗဟိုချက်ရှိမှ ဒြပ်ရှိ၊ ဒြပ်မဲ့အရာတို့သည် စုစည်းမြဲမြံတည်ငြိမ်စွာ ဆောက်တည်ထားနိုင် မည်ဖြစ်ပြီး ဗဟိုချက်မဲ့လျှင် စုစည်းခြင်း၊ မြဲမြံခြင်း၊ တည်ငြိမ်ခြင်းမရှိနိုင်ကြောင်း တင်ပြထားပါသည်။ မော်ဒန် ဝတ္ထုတိုများဖန်တီးရာတွင်မူ ရှိမှုမသေချာခြင်းကြောင့် ဗဟိုချက်မဲ့လာကြသည်။ ဗဟိုချက်မဲ့လာခြင်းကြောင့် လောကရှိအရာများ၊ သဘောများအားလုံးသည် အထိန်းအကွပ်မရှိ၊ အချုပ်အနှောင်မရှိ မျောချင်ရာမျော၊ တွေးချင်ရာတွေးကာ ဖမ်းယူ၍ အတိအကျသတ်မှတ်၍ မရသည့် သဘောများအဖြစ် ရှုမြင်ခံစားရခြင်း ဖြစ်ပါ သည်။ တစ်နည်းအားဖြင့် ဝတ္ထုတစ်ပုဒ်တွင် အဓိကကျသော ဇာတ်ထွတ် ဟူ၍ သီးခြားမရှိဘဲ ဇာတ်လမ်းကို အဖြစ်အပျက်အတိုင်းသာ ဖန်တီးတတ်သည့် သဘောမျိုးဟု ယူဆနိုင် ပါသည်။

ယခုလေ့လာတင်ပြထားသော "နှုတ်ခမ်းများ"ဝတ္ထုတွင် ထိုသဘောကို တွေ့မြင်ရပါသည်။ ဇာတ်ဆောင်သည် ဇာတ်လမ်းအစမှအဆုံးတိုင် နှုတ်ခမ်းများနှင့်တွေ့ရသည့် အကြောင်း၊ နှုတ်ခမ်းများက မျှော့တစ်ကောင်လို တွယ်တတ်သည့်အကြောင်း၊ သွားလေရာနေရာတိုင်းတွင် နှုတ်ခမ်းများကို တွေ့ရလေ့ရှိသည့်အကြောင်းတို့ကို တင်ပြထားရာတွင် မည်သည့်နေရာသည် အဓိကကျသော နေရာဟု ပြော၍ မရပေ။ သမားရိုးကျဝတ္ထု ဇာတ်လမ်းများကဲ့သို့ ဇာတ်ပျိုး၊ ဇာတ်နို့း၊ ဇာတ်ထွတ်၊ ဇာတ်ဆင်း၊ ဇာတ်သိမ်းဟူ၍ ခွဲခြားသတ်မှတ်၍မရဘဲ ဇာတ်လမ်းအစမှ အဆုံးတိုင် ဇာတ်ဆောင်၏ အတွေးအမြင်၊ ခံစားမှုများအတိုင်း ထပ်တူခံစားရသည့်ပုံစံမျိုး ဖန်တီးထားပါသည်။

ဝတ္ထုတွင် -

"ခရမ်းရောင်လိမ္မော်ရောင်တွေ လွင့်မျောရောယှက်နေသော လွင်ပြင်ထဲတွင် ဘယ်ကို ပဲကြည့်ကြည့် နှုတ်ခမ်းတွေကိုသာ မြင်နေရတော့သည်။ နှုတ်ခမ်းအချို့က မြေပြင်ပေါ် မှာပြန့်ကျဲလျက်၊ အချို့က အရွက်မရှိတော့သော နွေဦးပေါက်သစ်ပင်တွေရဲ့ ရိုးတံ ပြိုင်းပြိုင်းသစ်ကိုင်းတွေမှာ တွဲလွဲခိုချိတ်ဆိုင်းလျက်၊ လေထဲမှာလည်း နှုတ်ခမ်းတွေ ပျံဝဲလို့ပါလား" (စာ - ၅၉)

ဟု ဇာတ်ဆောင် ကျွန်တော်က အိပ်မက်ထဲတွင် နှုတ်ခမ်းများကို မြင်ရသည့်အကြောင်းဖြင့် ဇာတ်လမ်းကို စတင် ရေးသားထားပါသည်။ နှုတ်ခမ်းများကို အိပ်မက်ထဲတွင် တွေ့လာရပြီး အိပ်ရာမှနိုးသော အခါတွင်လည်း နှုတ်ခမ်း များကိုသာ တွေ့ရပုံကို ဆက်လက်ဖော်ကျူးထားပါသည်။

"သွားတိုက်ဆေးကိုညှစ်တင်လိုက်စဉ်မှာပင် ထိတ်လန့်သွားပြီး ကျွန်တော်ထခုန်လိုက် မိသည်။ သွားတိုက်ဆေးဗူးထဲက နှုတ်ခမ်းတွေပဲ တွန့်လိမ်ကွေးကောက်ထွက်လာကာ သွားပွတ်တံပေါ်တွင် အရှည်လိုက် ခွေခေါက်စုပုံ၍ တင်နေသည်။ အချိန်အတော်ကြာ အောင်ပင် အံ့သြတွေဝေပြီး တုန်လှုပ်ချောက်ချားစွာ ကျွန်တော်ကြည့်နေမိသည်" (စာ -၅၉)

ဟူ၍ ဇာတ်ဆောင် ကျွန်တော်၏ အတွေ့အကြုံနှင့် ထိုအတွေ့အကြုံမှတစ်ဆင့် ဖြစ်ပေါ်လာသော ခံစားမှု၊ လှုပ်ရှားမှုကိုပါ ဖန်တီးတင်ပြထားပါသည်။

လမ်းတွင် နှုတ်ခမ်းများတွေ့ရပုံကို -

"လမ်းမပေါ်မှာတော့ ခြေချစရာမရှိအောင်ဘဲ နှုတ်ခမ်းတွေ၊ နှုတ်ခမ်းတွေ။ မြူနီ စပယ်လုပ်သားတွေက လမ်းပေါ်စုပုံနေသော နှုတ်ခမ်းတွေကို ဂေါ်ပြားများဖြင့် ကျုံးကာ အမှိုက်သိမ်းကားတွေပေါ်သို့ခပ်တင်နေကြသည်" (စာ - ၅၉-၆၀)

"လမ်းမပေါ်မှာတော့ နှုတ်ခမ်းတွေလျော့ပါးမသွား၊ တဖြုတ်ဖြုတ်ထပ်မံကြွေကျနေဆဲ၊ နှုတ်ခမ်းတွေကို ကျွန်တော်ရှောင်နင်းနေဖို့ မဖြစ်နိုင်တော့၊ ဖိနပ်ဖြင့်တက်နင်းလာခဲ့ရ တော့သည်" (စာ -၆၀)

"ကျွန်တော့်ပုခုံးပေါ်သို့ နှုတ်ခမ်းလွှာတစ်လွှာက မျှော့ကြီးတစ်ကောင်လို ပြုတ်ကျလာ သဖြင့် လက်ဖြင့်သပ်ချလိုက်ရသည်" (စာ ၆၀)

"သီချင်းဆိုနေသော နှုတ်ခမ်းတစ်ခုက ကျွန်တော့်ဘေးမှ ကွေ့ဝိုက်ဖြတ်ကျော်ကာ အဝေးဆီသို့ ပျံသန်းသွားသည်။ နှုတ်ခမ်းအချို့က ကျွန်တော့်ကို ရှိသည်ဟုပင် သဘော မထား" (စာ -၆၀)

စသဖြင့် သရုပ်ဖော်တင်ပြထားပါသည်။ ဝတ္ထုတွင် ဇာတ်လမ်းအစမှ အဆုံးတိုင် နှုတ်ခမ်းများနှင့် ကြုံရဆုံရ သည့်အဖြစ်ကို ရေးဖွဲ့ထားရာ မည်သည့်နေရာသည် ဇာတ်ပျိုး၊ မည်သည့်နေရာသည် ဇာတ်နှီး၊ မည်သည့်နေရာ သည် ဇာတ်ထွတ်၊ မည်သည့်နေရာသည် ဇာတ်ဆင်း၊ မည်သည့်နေရာသည် ဇာတ်သိမ်းဟု သတ်မှတ်၍ မရဘဲ မည်သည့်နေရာသည် အဓိကအချက်အချာကြသော နေရာဖြစ်ကြောင်း မသိနိုင်

သည်ကို တွေ့ရပါသည်။ ထိုသဘောကိုကြည့်လျှင် မော်ဒန်ဝတ္ထုတို၏ လက္ခဏာတစ်ခုဖြစ်သည့် ဇာတ်ဟိုချက်မဲ့ခြင်းသဘောနှင့် ကိုက်ညီနေ သည်ဟု ယူဆမိပါသည်။

### ၄၊၄။ စာဖတ်သူကိုယ်တိုင်ပါဝင်လာခြင်း

အနုပညာ၏ သဘောလက္ခဏာများတွင် ဖန်တီးသူကတင်ပြလိုက်သော အနုပညာများသည် အနုပညာကို ခံစားသူကခံစားမှသာ အနုပညာမြောက်သည် ဟူသောအဆိုအတိုင်းပင် မော်ဒန်ဝတ္ထုတိုများ တွင်လည်း စာဖတ်သူက ဖတ်ရှုမှသာ အနုပညာမြောက်သော ဝတ္ထုတစ်ပုဒ်ဖြစ်နိုင်ကြောင်း မော်ဒန် လှေ့လာသူများက ဆိုကြပါ သည်။ တစ်ဖက်ကကြည့်လျှင်လည်း မော်ဒန် ဝတ္ထုတိုများသည် သိမှုနှင့်ရှိမှု၏ ပြဿနာများကို ဖော်ကျူးထား သည့်အတွက် အနက်ဝေဝါးခြင်း၊ နားလည်ရန် ခက်ခဲခြင်းသဘောများ ရှိပေရာ စာဖတ်သူ၏ ပင်ကိုအသိစွမ်းရည်ဖြင့်သာ နားလည်သဘောပေါက်နိုင်မည့် သဘောရှိပါသည်။ စာဖတ်သူပါဝင် အားထုတ်ရခြင်းသည် မော်ဒန် အနုပညာတွင် အဓိကသော့ချက်တစ်ခုဖြစ်သည်။

စာဖတ်သူ၏ စိတ်ကူးဉာဏ်အလိုက် ခံစားမှုများ၊ အဓိပ္ပာယ်များပြောင်းလဲသွားနိုင်ကြောင်းကို ဇော်ဇော်အောင်က ဇော်ဇော်အောင်ဖတ်စာ (၂၀၀၄) စာအုပ်တွင် -

> "စာပေအနုပညာပစ္စည်းတစ်ခုတွင် ဝင်ရိုးစွန်းနှစ်ခုရှိသည်။ တစ်ခုက အနုပညာဖြစ်သည်။ နောက်တစ်ခုက ရသဖြစ်သည်။ ပထမဝင်ရိုးစွန်းသည် စာရေးသူနှင့်ဆိုင်သည်။ စာရေးသူ ဖန်တီးရေးသားသော စာသားနှင့်ဆိုင်သည်။ ဒုတိယဝင်ရိုးစွန်းသည် စာဖတ်သူနှင့် ဆိုင်သည်။ စာဖတ်သူက စာသား၏ ရသကို ခံယူလိုက်ခြင်းနှင့်ဆိုင်သည်" (ဇော်ဇော်အောင်၊ ၂၀၀၄၊၂၅၄)
>
> "စာဖတ်သူတစ်ယောက် မပေါ်မချင်း (ဝါ) မဖတ်မချင်း ထိုအရာသည်မရှိ။ အဓိပ္ပာယ် ဆိုသည်မရှိ။ အဓိပ္ပာယ်သည် သီးခြားသပ်သပ်ရှိနှင့်ပြီးသော အရာမဟုတ်။ ဖတ်သူက ဖတ်လိုက်မှ အဓိပ္ပာယ်ဆိုတာ ပေါ်ပေါက်လာရသည်" (ဇော်ဇော်အောင်။ ၂၀၀၄။ ၂၅၃)

ဟု ဆိုခဲ့ပါသည်။ ထိုအဆိုအရ စာတစ်ပုဒ်ကို စာဖတ်သူတစ်ဦးက ဖတ်လိုက်၍ နားလည်သဘောပေါက် မှသာ စာအနှစ်သာရသည် ပြီးပြည့်စုံနိုင်သည့်သဘောဟု ယူဆနိုင်ပါသည်။ စာပေအနုပညာတွင် စာဖတ်သူပါဝင် အားထုတ်ရန် မလိုသော စာသားနှင့် ဖတ်သူပါဝင်အားထုတ်ရန်လိုသော စာသား ဟူ၍ ရှိရာ မော်ဒန်အနုပညာ သည် ဖတ်သူက ပါဝင်အားထုတ်ရန်လိုအပ်သော အမျိုးအစားမျိုးဖြစ်ပါသည်။ စာရေးသူကဖန်တီးလိုက်သော စကားလုံးများ၊ တင်စားချက်များ၊ စိတ်ကူးစိတ်သန်းများ၊ အတွေးအမြင် များကို စာဖတ်သူက နားလည် လက်ခံရန်မှာလည်း စာဖတ်သူ၏ အနုပညာခံစားမှုစွမ်းရည်ပေါ်တွင် မှီတည်နေပါသည်။

ယခုလေ့လာတင်ပြထားသော ကျော်စွာထက်၏ "နှုတ်ခမ်းများ"ဝတ္ထုတိုသည် စာရေးသူက လောကရှိ စကားများသော လူများ၏ စရိုက်လက္ခဏာများ၊ စကားများကို ရည်ရွယ်တင်စားကာ ဖန်တီး ထားသော ဝတ္ထုဟုဆိုနိုင်ပါသည်။ သာမန်အားဖြင့် မှားသည်၊ မှန်သည် မသိဘဲ သူတစ်ပါး အကြောင်းကို ပြောလေ့ပြောထရှိသော လူတို့၏ စရိုက်လက္ခဏာများကို ခံစားသိမြင်ထားသော စာဖတ်သူအဖို့ ဝတ္ထု၏ ရည်ရွယ်ချက်၊ အတွေးအမြင်ကို ခံစားမိနိုင်မည်ဖြစ်ပါသည်။

> "ကျွန်တော့်ပုခုံးပေါ်သို့ နှုတ်ခမ်းလွှာတစ်လွှာက မျှော့ကောင်ကြီးတစ်ကောင်လို ပြုတ်ကျလာသဖြင့် လက်ဖြင့် သပ်ချလိုက်ရသည်" (စာ - ၆၀)
>
> "နှုတ်ခမ်းတွေက ရောမယင်ကောင်ကြီးတွေလို ကျွန်တော့်ဦးခေါင်းကို ပတ်ချာလှည့်၍ နိမ့်လိုက်မြင့်လိုက် ပျံဝဲနေသည်။ ပထမတော့ခပ်ဖြည်းဖြည်း၊ နောက်မြန်လာသည်၊ ဝီဝီ ဝီဝီ"

ဟူသော အဖွဲ့များတွင် နှုတ်ခမ်းများ(စကားများ)၏ မျှော့ကဲ့သို့ တွယ်ကပ်တတ်သည့် သဘော၊ ယင်ကောင်များလို တဝီဝီနှင့် စိတ်ရှုပ်စရာကောင်းသည့်သဘောများကို ပြဆိုထားသည်ဟု ယူဆနိုင်ပါသည်။

လမ်းတွင် မျက်စိ၊ နှာခေါင်း၊ ပါးစပ်မပါသော ပြောင်ချောမျက်နှာနှင့် လူတစ်ယောက်က သူ့ကို "အသား မည်းလွန်းတဲ့ ခွေးကောင်" ဟုဆဲသောအခါ သူက အံ့ဩကာ ရယ်လိုက်မိသဖြင့် သူ၏ နှုတ်ခမ်းသည် မျက်နှာမှ ကွာကျကာ မိုးပေါ်သို့ပျံသွားပုံကိုဖွဲ့ရာတွင် -

> "သူ့မျက်နှာက မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ ဘာမှမပါဘဲ ပြောင်ချောကြီး၊ မျက်လုံးတောင်မပါတဲ့ လူတစ်ယောက်က ကျွန်တော့်ကို အသားမည်းတယ်လို့ပြောတာ ကျွန်တော် ခံလိုက်ရပြီ။ ရယ်ရပါလားဟေ့၊ ကျွန်တော်ရယ်ချင်လာသည်။ စိတ်မထိန်း နိုင်တော့ဘဲ ခွက်ထိုးခွက်လန် အူတတ်မတတ်ရယ်မောပစ်လိုက်မိသည်။ ကျွန်တော့် နှုတ်ခမ်းသည် ကျွန်တော့်မျက်နှာမှ ရုတ်တရက်ကွာကျသွားကာ ကောင်းကင်သို့ ပျံတက်သွားသည်၊ သိသိ ချင်းလိုက်ဖမ်းသော်လည်းမရတော့၊ သွားပြီ" (စာ -၆၀)

ဟုသရုပ်ဖော်ရေးသားထားရာတွင် သာမန်အမြင်အားဖြင့် ကြည့်လျှင် သူ၏ နှုတ်ခမ်းသည် ဘာလို့ ကွာသွားသလဲ ဟူသည်ကို စဉ်းစားမရဖြစ်နိုင်သည်။ ယုတ္တိမရှိဟု မြင်နိုင်သည်။ သို့သော် အတွေးအမြင် ခံစားမှု ရင့်ကျက်သော စာဖတ်သူအဖို့ နေရာအနှံ့တွင် နှုတ်ခမ်းများကို တွေ့လာရသဖြင့် မယုံနိုင်ဖြစ်နေသောသူက သူတစ်ပါးကို လှောင်ပြောင်လိုက်သောအခါ ကိုယ့်နှုတ်ခမ်းကလည်း ကိုယ့်ဆီမှကွာကျသွားတတ်သော သဘော၊ တစ်နည်းအားဖြင့် သူတစ်ပါးကို လှောင်ပြောင်သရော်ခြင်းဖြင့် ကိုယ်ပါဒုက္ခရောက်တတ်ကြောင်း သဘောကို ခပ်ရေးရေး သဘောပေါက်နိုင်ပါသည်။

ဆိုရလျှင် စာဖတ်သူ၏ နားလည်နိုင်မှုအပေါ်တွင် အဓိကကျကာ ဝတ္ထုထဲမှ နေရာအနှံ့၌ တွေ့မြင်ရသော နှုတ်ခမ်းများသည် ပတ်ဝန်းကျင်တွင် တွေ့မြင်ရသော လူများ၊ လူတို့၏ သဘာဝများ၊ လူ့စရိုက်လက္ခဏာ များအဖြစ် မြင်လာနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ဝတ္ထုရေးဆရာ၏ အတွေးအမြင်ကို ထပ်တူခံစားမိရန်အတွက် စာဖတ်သူ၏ နားလည်နိုင်မှုတွင်သာတည်နေပြီး မော်ဒန်ဝတ္ထုတစ်ပုဒ် ဖတ်ရာတွင် စာဖတ်သူကိုယ်တိုင် ၏ပါဝင်လာမှုသာလျှင် ဝတ္ထုမှပေးချင်သော အတွေးအမြင်ခံစားမှု များကို သိရှိနိုင်မည် ဖြစ်ပါကြောင်း ယူဆမိပါသည်။

## ၄၊၅။ စာသားနှင့် အနက်ဖြန့်ထွက်ခြင်း

စာတစ်ပုဒ်၊ ဝတ္ထုတစ်ပုဒ်တွင် သုံးနှုန်းမည့် စာသား တစ်နည်းအားဖြင့် ဖန်တီးလိုက်သော အရေးအသားများ သည် စာရေးသူနှင့် စာဖတ်သူ၏ ကြားခံအဖြစ် ဆက်သွယ်ပေးသော အရာများဟု ယူဆနိုင်ပါသည်။ အနုပညာ တစ်ခုဖန်တီးရာတွင် စိတ်ကူးဉာဏ်သည် အခရာဖြစ်ပါသည်။ မိမိ၏ စိတ်ကူးဉာဏ်အလိုက် မိမိပြောချင်သော ရည်ရွယ်ချက် ဦးတည်ချက်ကို ရောက်အောင် စာသားများဖြင့်

ဖန်တီးပုံဖော်ရပါသည်။ ထိုဖန်တီး ပုံဖော် လိုက်သော စကားလုံးအသုံးအနှုန်းများကို စာဖတ်သူက သိရှိနားလည်ကာ အနက်အဓိပ္ပာယ်ကို ဖွင့်ဆို နားလည်နိုင်ပြီး စာရေးသူပေးသော အနက်အဓိပ္ပာယ်ထက် ပို၍ တွေးတောဆင်ခြင်ကြည့်နိုင်သည့် သဘောမျိုး ရှိတတ်ပါသည်။

မော်ဒန်အနုပညာတွင် ဦးတည်ချက် ရည်ရွယ်ချက်ကို စာရေးသူက တိုက်ရိုက်ပြောဆိုခြင်းမပြုဘဲ စာဖတ်သူ၏ နားလည်နိုင်မှုတွင်သာ မူတည်ကာ အနက်အဓိပ္ပာယ်များကို ကောက်ယူနိုင်ကြသည့် သဘောရှိ ပါသည်။ ယခုလေ့လာတင်ပြထားသော ဝတ္ထုတွင် နှုတ်ခမ်းများကို နေရာအနှံ့တွေ့ရခြင်း သဘောကို တင်ပြရာ၌ ဝတ္ထုတစ်ပုဒ်လုံး "နှုတ်ခမ်းများ"ဟူသော စကားလုံးကို ထပ်ကာထပ်ကာ သုံးနှုန်း ထားသည်ကိုတွေ့ရပါသည်။ မိမိပြောချင်သော အကြောင်းအရာကို ပိုမိုထင်ရှားပေါ်လွင်လာအောင် ထို Theme အကြောင်းအရာကိုပင် ထပ်ခါတစ်လဲလဲ ကြိမ်ဖန်များစွာ လွှန်ကဲပြီး ရေးဖွဲ့ခြင်းသည် မော်ဒန် ရေးနည်းတစ်ခုဖြစ်ပါသည်။ (ဟိန်းလတ်၊ ၂၀၁၃၊ ၉) စာသားတစ်ခု၊ စကားအသုံးအနှုန်း တစ်ခုကို အကြိမ်များစွာသုံးနှုန်းခြင်းဖြင့် စာဖတ်သူအနေဖြင့် စာရေးသူပြောချင်သော အကြောင်းအရာ၊ အတွေးအမြင်ခံစားမှုနှင့် ကွေကွင်းသွားခြင်းမရှိဘဲ အတွေးအမြင်ရသ ကို အမိအရဖမ်းဆုပ်နိုင်မည့်သဘော ဟု ယူဆနိုင်ပါသည်။

ထို့ပြင် စာရေးသူသုံးနှုန်းလိုက်သော စကားအသုံးအနှုန်း၊ စာသားတစ်ခုသည် စာဖတ်သူ၏ နားလည် နိုင်မှုအပေါ်တွင် မူတည်၍ မူရင်းအဓိပ္ပာယ်ထက် လေးနက်သောအနက်များကို ဖြန့်ထွက်သွား နိုင်သည့် သဘောမျိုးရှိပါသည်။ ထိုသဘောကို ဂယက်အနက်ဖြန့်ထွက်တွေးခြင်း ဟု ယူဆနိုင်မည် ထင်ပါသည်။ ဂယက်အနက် ဖြန့်ထွက်တွေးမြင်ခြင်းသည် မော်ဒန်အနုပညာ၏ အဓိကကျသော အချက် တစ်ခုဟု ဆိုရမည်ဖြစ် ပါသည်။ ဂယက်အနက်များကို ဖမ်းယူခြင်းဖြင့် အစဉ်အလာဆင်ခြင် ယုတ္တိ ချိတ်ဆက်မှုကို ကျော်လွန်သွားခြင်းဖြစ်ပြီး သာမန်သုံးစကားလုံးများကပင် အနုပညာမြောက်သွား စေသည့် သဘောရှိပါသည်။ ဂယက်အနက်နှင့် ပတ်သက်၍ -

> "မူရင်းအနက်မှ ဂယက်အနက်၊ ဂယက်အနက်တစ်ခုမှ အခြားဂယက်အနက်၊ ဂယက် အနက်မှ မူရင်းအနက်ထံ ချိန်သီးသဖွယ်ကူးချည်သန်းချည် လွဲနေခြင်းသည် မော်ဒန်နစ္စ(တ်) တီထွင်မှုဖြစ်သည်" (ဇေယျာလင်း၊ ၂၀၁၈၊ ၃၄)

က ဆိုခဲ့ပါသည်။ သို့ဖြစ်ရာ ယခုလေ့လာတင်ပြထားသော နှုတ်ခမ်းများ မော်ဒန်ဝတ္ထုတွင် ထိုသဘော များကို တွေ့မြင်နိုင်ပါသည်။

နှုတ်ခမ်းများသည် ပတ်ဝန်းကျင်ရှိ စကားများသော လူသားများ၊ သူတစ်ပါးကို ကဲ့ရဲ့ရှုံ့ချ တတ်သော၊ အတင်းအဖျင်းပြောတတ်သော စသဖြင့် လူတို့၏စရိုက်လက္ခဏာများအဖြစ် တွေးဆကြည့် နိုင်ပြီး၊ နှုတ်ခမ်းများ က မျှော့အဖြစ်တွယ်ကပ်ခြင်းသဘောသည် နှုတ်ခမ်းဖျားမှလာသော စကားများ၏ ကိုယ့်ကို ဒုက္ခပေးလောက်အောင် ငြိတွယ်တတ်၊ တွယ်ကပ်တတ်သည့်သဘောကို တွေးဆကြည့်နိုင် ပါသည်။ လက်ဖက်ရည်သောက်ရင်း နှုတ်ခမ်းများကို မျိုချမိလိုက်ပြီး အော်ဂလီဆန်ရသည့် ဖြစ်ရပ်မှာ လည်း စကားများသည့်သူများ၊ နင့်ပဲငဆပြော သောစကားများ၊ ကဲ့ရဲ့ရှုံ့ချသောစကားများ၊ အတင်းအဖျင်း စကားများကို မနှစ်သက်ခြင်းသဘောကို ရည်ညွှန်း ကြောင်း အနက်များကို ဖြန့်ထွက် တွေးမြင်နိုင်ပါသည်။ ဝတ္ထုတစ်ပုဒ်လုံးဖတ်ပြီးသောအခါ နေရာအနှံ့တွင် နှုတ်ခမ်းများနှင့် တွေ့နေရသော စာရေးသူ၏

ပုဂ္ဂလိကအတွေးအမြင်မှတစ်ဆင့် ပတ်ဝန်းကျင်နှင့် မကင်းနိုင်သည့် လူသားတို့၏ ဘဝအတွေးအမြင် အထိပါ တွေးမြင်ခံစားနိုင်ကြောင်း ယူဆမိပါသည်။

ဝတ္ထုဖန်တီးသူ၏ စကားလုံးအသုံးအနှုန်းပြောင်းမြောက်မှုကြောင့် ယုတ္တိနှင့် သဘာဝကျကျ ဆက်စပ်မရသည့် အရာများကို ဆွဲယူချိတ်တွဲခြင်းဖြင့် ဆက်စပ်မှုအသစ်၊ အနက်အဓိပ္ပာယ်အသစ်များ ရရှိစေသည့် သဘော ရှိပါသည်။ ထိုသဘောသည် မော်ဒန်အနုပညာတွင် တွေ့ရသည့်စာသားနှင့်အနက် ဖြန့်ထွက်တွေးခြင်းဟု ယူဆနိုင်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ဝတ္ထုတိုတစ်ပုဒ်ဖန်တီးရာတွင် စာရေးသူ၏ သူတွေ့ကြုံရသော အတွေ့အကြုံမှတစ်ဆင့် အတွေးအမြင် ခံစားမှုများကို အနုပညာပစ္စည်းအဖြစ် ပြန်လည်တင်ပြလေ့ရှိပါသည်။ မိမိတို့၏ အတွေ့အကြုံပေါ်မူတည်ပြီး လောက သဘာဝ၊ လောကအမြင်၊ ဖြစ်တတ်ပျက်တတ်သည်သဘောများကို မိမိ၏ စိတ်ခံစားမှု၊ အတွေးအမြင်အရ ဖန်တီးမှုပုံစံအမျိုးမျိုး ပြောင်းလဲသွားတတ်သည့် သဘောလည်း ရှိပါသည်။ ထိုသို့ဖန်တီးရာမှ သမားရိုးကျဝတ္ထု ပုံစံနှင့်ကွဲပြားသည့် မော်ဒန်ဝတ္ထုတိုများပေါ်ပေါက်လာရသည်ဟု ယူဆနိုင်ပါသည်။ မော်ဒန်ဝတ္ထုတိုများသည် ဇာတ်လမ်းဇာတ်ကွက်ကို ဦးစားမပေးဘဲ လူ့ဘဝတွင် ကြုံလေ့ကြုံထရှိသော ဖြစ်ရပ်မျိုးနှင့် စိတ်ခံစားမှု အတွေးအမြင်ကို ဦးစားပေးဖော်ကျူးလေ့ရှိသည်ကို တွေ့မြင်နိုင်ပါသည်။

ယခုလေ့လာတင်ပြထားသော ကျော်စွာထက်၏ "နှုတ်ခမ်းများ" မော်ဒန်ဝတ္ထုတိုသည် သမားရိုးကျ ဝတ္ထုဖန်တီးပုံနှင့်ကွဲပြားပြီး မော်ဒန်ဝတ္ထု၏ လက္ခဏာရပ်များနှင့် ကိုက်ညီမှုရှိနေသည်ကို တွေ့မြင်ရပါသည်။ သမားရိုးကျဝတ္ထုအင်္ဂါရပ်များဖြစ်သည့် ဇာတ်လမ်းဇာတ်ဆောင် ကာလဒေသနောက်ခံ တို့ပါဝင်သော်လည်း မတူကွဲပြားနေသည့် မော်ဒန်ဝတ္ထုတိုတစ်ပုဒ်အဖြစ်တွေ့မြင်ရသည့်အတွက် လေ့လာသုတေသနပြုခဲ့ရခြင်း ဖြစ်ပါ သည်။

နှုတ်ခမ်းများဝတ္ထုတွင် ဇာတ်လမ်းဇာတ်ကွက်ကို ဦးစားမပေးဘဲ ဇာတ်ဆောင်ကျွန်တော် တွေ့မြင်ခံစားရသည့်ဖြစ်ရပ်များ၊ ခံစားမှုများ၊ လှုပ်ရှားမှုများကိုသာ အဓိကဖန်တီးပုံဖော်ထားပါသည်။ ထူးခြားသော ဇာတ်လမ်း၊ဇာတ်ကွက်မျိုးမပါရှိဘဲ နှုတ်ခမ်းများကိုတွေ့ရသည့် ဇာတ်ဆောင်၏ အတွေ့အကြုံ၊ ခံစားမှု အတွေးအမြင်များကိုသာ အသေးစိတ်သရုပ်ဖော်ဖန်တီး ထားသည်ကို တွေ့ရပါ သည်။ မော်ဒန်ဝတ္ထုတို၏ လက္ခဏာ တစ်ရပ်ဖြစ်သော ဇာတ်လမ်းဇာတ်ကွက်ကိုဦးစားမပေးဘဲ လျှော့ချ ပစ်သည့် သဘောမျိုးဟု တွေ့မြင်ရသည်ဟု သုံးသပ်နိုင်ပါသည်။

ထို့ပြင် နှုတ်ခမ်းများဝတ္ထုတွင် ဇာတ်ဆောင်သည် သူသွားလေရာ မြင်လေရာနေရာအနှံ့တွင် နှုတ်ခမ်း များကို တွေ့ရပုံကို ဖော်ကျူးထားရာတွင် တကယ့်ပြင်ပ လူ့လောကတွင် နှုတ်ခမ်းများကို ထိုသို့ တွေ့ရခြင်းမျိုး မဖြစ်နိုင်ကြောင်း သိနေသော်လည်း ဝတ္ထုထဲတွင် စာရေးသူက တကယ်ကြုံတွေ့ နေရကြောင်း သူကိုယ်တိုင်ပင် မယုံနိုင်သည့်အဖြစ်ကို တွေးပြလိုက်သည့်အတွက် ယုတ္တိမရှိသည့် အဖြစ်သည် ယုတ္တိရှိသယောင် ထင်မြင်လာသည်။ ဝတ္ထုဖတ်ရင်းဖြင့် ဇာတ်ဆောင်နှင့်အတူ လိုက်ပါ ခံစားကာ တကယ့်စိတ်တွင်းမှ အမှန်တရားကိုသိမှုနှင့် တကယ့်စင်စစ်တည်ရှိနေမှုတို့ကြားရှိ ပြဿနာကို

တွေးဆဆင်ခြင်နိုင်သည့်သဘောမျိုးဖြစ်လာစသည့်အတွက် မော်ဒန်၏ လက္ခဏာတစ်ရပ်ဖြစ်သော သိမှုနှင့် ရှိမှု၏ ပြဿနာကို ဖော်ကျူးခြင်းဟူသော အချက်နှင့် ကိုက်ညီမှု ရှိနေကြောင်း သုံးသပ်မိပါသည်။

နှုတ်ခမ်းများဝတ္ထုသည် ဇာတ်လမ်းအစမှအဆုံးတိုင် ဇာတ်ဆောင်ကျွန်တော်၏ ဖြစ်ပျက်လှုပ်ရှားပုံ၊ တွေ့ကြုံရပုံ၊ ခံစားထင်မြင်ပုံများကို ဇာတ်ဆောင်၏ အပြောဖြင့် ဖန်တီးထားရာ သမားရိုးကျ ဇာတ်လမ်းများ ကဲ့သို့ ဇာတ်ပျိုး၊ ဇာတ်နှီး၊ ဇာတ်တက်၊ ဇာတ်ထွတ်၊ ဇာတ်ဆင်း၊ ဇာတ်သိမ်းဟု ရေရေရာရာ သတ်မှတ်၍ မရကြောင်း တွေ့မြင်ရပါသည်။ ဇာတ်ဆောင်၏ သိစိတ်အတိုင်းသာ ဖန်တီးထားပြီး အဓိကျကသောနေရာဟူ၍ ရှာဖွေမရသည့်အတွက် မော်ဒန်ဝတ္ထု၏ လက္ခဏာများနှင့် ချိန်ထိုးကြည့်ပါက ဗဟိုချက်မဲ့သည်ဟု ယူဆနိုင် ကြောင်း သုံးသပ်မိပါသည်။

စာရေးသူကဖန်တီးလိုက်သော စကားလုံးများ၊ တင်စားချက်များ၊ စိတ်ကူးစိတ်သန်းများ၊ အတွေးအမြင်များကို စာဖတ်သူက နားလည်လက်ခံရန်မှာလည်း စာဖတ်သူ၏ အနုပညာခံစားမှုစွမ်းရည်ပေါ်တွင် မှီတည်နေပါသည်။ ယခုလေ့လာတင်ပြထားသော နှုတ်ခမ်းများ မော်ဒန်ဝတ္ထုသည် သမားရိုးကျ ဝတ္ထုဖန်တီးပုံ နှင့် မတူဘဲ နှုတ်ခမ်းများကို လူ့သဘော လူ့သဘောဝ လူ့စရိုက်များဖြင့် သင်္ကေတပြုကာ နိမိတ်ပုံအဖြစ် ဖော်ကျူးထားရာ စာဖတ်သူ၏ ဉာဏ်စွမ်းရည်အရသာ နားလည်သဘောပေါက်နိုင်သည့် သဘောရှိပါသည်။ စာဖတ်သူကနားမလည်ပါက နှုတ်ခမ်းများကို နေရာအနှံ့တွေ့နေရသည့်သဘောကို ယုတ္တိမရှိသော ဝတ္ထုတစ်ပုဒ် အဖြစ်မြင်ကာ စာရေးသူပေးချင်သော အတွေးအမြင်ကို ဖမ်းယူရရှိနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် နှုတ်ခမ်းများ ဝတ္ထုတိုသည် မော်ဒန်၏ လက္ခဏာတစ်ရပ်ဖြစ်သော စာဖတ်သူ ကိုယ်တိုင်ပါဝင်လာခြင်း ဟူသော အချက်နှင့် လည်း ကိုက်ညီနေကြောင်း သုံးသပ်မိပါသည်။

စာရေးသူနှင့် စာဖတ်သူ၏ ကြားတွင် စာသားများသည် ကြားခံအဖြစ်တည်ရှိနေပါသည်။ ကြားခံစကား အသုံးအနှုန်းများ၊ အရေးအဖွဲ့များကြောင့်ပင် စာရေးသူပြောချင်သော အတွေးအမြင်ကို စာဖတ်သူက နားလည် သိရှိနိုင်မည်ဖြစ်ပါသည်။ စာရေးသူ၏ စကားအသုံးအနှုန်းပြောင်းမြောက်ပါက စာဖတ်သူအနေဖြင့် အခြား အနက်များစွာကို ပွားယူခံစားနိုင်မည်ဖြစ်ပါသည်။ ယခုလေ့လာတင်ပြ ထားသော နှုတ်ခမ်းများ ဝတ္ထုတစ်ပုဒ်လုံး တွင် “နှုတ်ခမ်းများ”ဟူသော စကားလုံးကို ထပ်ကာထပ်ကာ သုံးနှုန်းထားရာ စာရေးသူ ပြောချင်သော အကြောင်းအရာ၊ အတွေးအမြင်ခံစားမှုနှင့် ကွေကွင်းသွားခြင်း မရှိဘဲ အတွေးအမြင်ရသကို အမိအရဖမ်းဆုပ် နိုင်မည့်သဘောရှိသည်ဟု ယူဆနိုင်ပါသည်။ တစ်နည်း အားဖြင့် စကားလုံးတစ်လုံး၊ စာအဖွဲ့တစ်ခုမှတစ်ဆင့် ဆက်စပ်မှုအသစ်၊ အနက်အဓိပ္ပာယ် အသစ်များ ရရှိစေသည့် သဘောဟုယူဆနိုင်ပါသည်။ ထို့ကြောင့် မော်ဒန်ဝတ္ထု၏ လက္ခဏာတစ်ရပ်ဖြစ်သော စာသားနှင့်အနက် ဖြန့်ထွက်ခြင်းဟူသော အချက်နှင့်လည်း ကိုက်ညီမှုရှိနေသည်ဟု သုံးသပ်မိပါသည်။

ဝတ္ထုတစ်ပုဒ်လုံးကို ခြုံငုံသုံးသပ်ကြည့်လျှင် နေရာအနှံ့၌ နှုတ်ခမ်းများနှင့် တွေ့နေရသော စာရေးသူ၏ ပုဂ္ဂလိကအတွေးအမြင်မှတစ်ဆင့် ပတ်ဝန်းကျင်နှင့် မကင်းနိုင်သည့် လူသားတို့၏ ဘဝအတွေးအမြင်အထိပါ တွေးမြင်ခံစားနိုင်ကြောင်း ယူဆမိပါသည်။ မော်ဒန်ဝတ္ထုတိုလက္ခဏာရပ် များနှင့်လည်း ကိုက်ညီမှုရှိနေသည့် မော်ဒန်ဝတ္ထုဖန်တီးပုံဖြစ်ကြောင်း သုံးသပ်ယူဆမိပါသည်။

## နိဂုံး

စာပေခေတ်များအမျိုးမျိုးပြောင်းလာသည့်နှင့်အမျှ ဝတ္ထုရေးဆရာတို့ကလည်း ဝတ္ထုဖန်တီးမှုတွင်လည်း သမားရိုးကျဝတ္ထုပုံစံမှသည် မတူကွဲပြားသော မော်ဒန်ဝတ္ထုပုံစံ၊ ယခုအခါ ပို့စ်မော်ဒန်ဝတ္ထုများအထိ တိုးတက်ပြောင်းလဲဖန်တီးရေးသားခဲ့ကြသည်ကို တွေ့မြင်ရပါသည်။ ထိုသို့ ခေတ်နှင့်လျော်ညီစွာဖန်တီးလာကြသည့် မော်ဒန်ဝတ္ထုဖန်တီးမှုအတတ်ပညာများကို တီးမိခေါက်မိစေရန် ရည်ရွယ်၍ ဤစာတမ်းကို ပြုစုရခြင်းဖြစ်ပါသည်။ မော်ဒန်ဝတ္ထုတိုဖန်တီးပုံနှင့် ပတ်သက်၍ ပြီးပြည့်စုံသော စာတမ်းတစ်စောင် မဟုတ်သော်လည်း စာတမ်းရှင်နှင့်ထပ်တူ တစ်စုံတစ်ခုသော အတွေးအသိ ပေးနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

### ဖတ်ရှုလေ့လာထားသော စာအုပ်စာရင်း


ခင်မင်၊မောင်(ဓနုဖြူ)။(၂၀၁၀)။ ***စာပေသမုဒ္ဒရာ၌ လက်ပစ်ကူးခြင်း***။ ရန်ကုန်၊ ရွှေဟသာ်ာစာပေ။

***ခေတ်ပေါ်ကဗျာ(မော်ဒန်ကဗျာ)စာတမ်းများ***။ (၂၀၁၈)။ ရန်ကုန်၊ ပန်းရွှေပြည်စာအုပ်တိုက်။

ဇော်ဂျီ။ (၂၀၁၄)။ ***ရသစာပေအဖွင့်နှင့်နိဒါန်း***။ ရန်ကုန်၊ ရွှေအိုးစာပေ။

ဇော်ဇော်အောင်။ (၂၀၁၀)။ ***ရင်ထဲမှာဝေစကားပြေအယ်လ်ဘမ်***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်တိုက်။

ဇော်ဇော်အောင်။(၂၀၁၄)***။စာသား(Text)နှင့် အပိုင်းအစ(Fragnment)များ***။ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်တိုက်။

မိုးမြေ၊ မ။(၂၀၁၉)***။ဝတ္ထုရှည်သဘောတရားနှင့် ဝတ္ထုရှည်အတတ်ပညာ***။ရန်ကုန်၊ရွှေကံ့ကော်စာပေ။

မိုးမြေ၊ မ။(၂၀၁၇)။ ***ဝတ္ထုတိုသဘောတရားနှင့် ဝတ္ထုတိုဖန်တီးရေးသားမှုအတတ်ပညာ***။ ရန်ကုန်၊ စိုးမိုးလွင်စာပေ။

မြင်ဇင်။ (၂၀၁၇)။ ***ကဗျာ့နရီနှင့်နိမိတ်ပုံ***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်တိုက်။

ရာသက်ပန်(တောင်ငူဆောင်)။ (၂၀၁၄)***။ မြန်မာဝတ္ထုတိုလမ်းကြောင်း (ဝတ္ထုတိုခံစားမှုအယူအဆ များ နှင့် သုံးသပ်ချက်များ)***။
ရန်ကုန်၊ လင်းလွန်းခင်စာပေ။

ဝင်းငြိမ်း။ (၂၀၀၉)။ ***နှစ်ကြောင်းရေးတစ်ကြောင်းခြစ်***။ ရန်ကုန်၊ အင်ပါယာစာပေ။

အောင်သင်း။ (၁၉၇၈)။ ***စာပေရေးရာဆောင်းပါးများ***။ ရန်ကုန်၊ အမေ့အိမ်စာစဉ်။

အောင်သင်း။ (၂၀၀၉)။ ***ဝတ္ထုရေးရာဆောင်းပါးများ***။ ရန်ကုန်၊ ရေတမာစာပေ။

အောင်သင်း။ (၂၀၁၂)။ ***အကြိုက်ဆုံးဝတ္ထုတိုများနှင့် သုံးသပ်ချက်များ***။ ရန်ကုန်၊ ဇွန်ပွင့်စာပေ။


### ကျမ်းကိုးစာရင်း


ကျော်စွာထက်။ (၂၀၁၉)။ ***ဝတ္ထုများ ၁+၂+၃*** ။ရန်ကုန်၊ ငါတို့စာပေပုံနှိပ်တိုက်။

ကျော်အောင်။ (၁၉၇၄)။ ***ကမ္ဘာ့ဂန္ထဝင်တစ်ဆယ်***။ ရန်ကုန်၊ ကန်တော်လေးစာတိုက်။

ဇော်ဇော်အောင်။ (၂၀၀၄)။ ***ဇော်ဇော်အောင်ဖတ်စာ***။ ရန်ကုန်၊ နှင်းဦးလွင်စာပေ။

ဇော်ဇော်အောင်။ (၂၀၀၆)။ ***သရုပ်ဖော်ဆောင်းပါးများ***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်တိုက်။

ဇော်ဇော်အောင်။ (၂၀၁၃)။ ***စာကလေးများ***။ ရန်ကုန်၊ ဇင်ရတနာစိုးစာပေ။

မင်းခက်ရဲ။ (၂၀၁၄)။ ***သူတို့ဘယ်လိုအသစ်ဖန်တီးသလဲ***။ ရန်ကုန်၊ မိတ်ဆွေများစာပေ။

မင်းခက်ရဲ။ (၂၀၁၄)။ ***စာပေလေ့လာမှုအယူအဆများ***။ ရန်ကုန်၊ Myanmar Knowledge Society။

မျိုးသန့်။ (၂၀၀၅)။ ***ခေတ်ပေါ်မြန်မာကဗျာဆောင်းပါးများ***။ ရန်ကုန်၊ ယုံကြည်ချက်စာပေ။

မြင့်သန်း။ (၂၀၁၄)။ ***ပို့စ်မော်ဒန်နှင့် စပ်လျဉ်းသောအရေးအသားများ*** ။ ရန်ကုန်၊ နှစ်ကာလများစာပေ။

မြန်မာစာအဖွဲ့။ (၁၉၇၉)***။ မြန်မာအဘိဓာန်အကျဉ်းချုပ်***။ ရန်ကုန်။ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

***ဝတ္ထုတိုစာတမ်းများ***။(၁၉၇၉)။ ရန်ကုန်၊ စာပေဗိမာန်။

သစ္စာနီ။ (၂၀၀၈)။ ***မော်ဒန်ရှင်းတမ်းနှင့် မြန်မာကဗျာဖြစ်ပေါ်တိုးတက်မှု***။ ရန်ကုန်၊ ရေသောက်မြစ်စာပေ။